# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 29 , 2022 | Volume 56, Number 19


## မန္တလေးဈေးကွက်အတွင်း ကုလားပဲ(V2) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀ ဈေးနှုန်းမြင့်တက်



Source: ရတနာပုံသတင်းစာ

မန္တလေးဈေးကွက်အတွင်း ကုလားပဲ(V2) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀ ဈေးနှုန်းမြင့်တက်ကြောင်း ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေး ကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။

ယခုလက်ရှိတွင် ကုလားပဲ(V2)များကို ပြည်ပနိုင်ငံများအပြင် ပြည်တွင်းကပါ ဝယ်ယူမှုများပြားလျက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

“ကုလားပဲ(V2)က မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းတဲ့ အမျိုးအစားထဲမှာပါတယ်။ အခုလက်ရှိမှာတော့ ကုလားပဲ(V2) အရောင်းအဝယ်က ပြန်ပြီးကောင်းမွန်လာတယ်။ အရောင်းအဝယ်ကောင်းလာတာကြောင့် ဈေးနှုန်းတွေကလဲ တဖြည်းဖြည်းပြန်ပြီး တက်လာတယ်။ အခုလတ်တလောကတော့ မန္တလေးဈေးကွက်ထဲမှာ ကုန်သည်တွေအနေနဲ့ ကုလားပဲ(V2) တွေကို ဝယ်ယူပြီး သိုလှောင်တာတွေရှိတယ်။ ပြီးတော့ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ပြန်ပြီး ကောင်းမွန်လာတာကြောင့် ဈေးကွက်ထဲကုန်စည် လက်ကျန်ရှားပါးလာပြီး ဈေးနှုန်းတွေပြန်ပြီး မြင့်တက်လာပါတယ်” ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဇူလိုင်လ ဒုတိယပတ်အတွင်းက ကုလားပဲ(V2) ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၄၀၀၀ သာရှိခဲ့သော်လည်း ယနေ့ (ဇူလိုင်-၂၈)တွင် ကုလားပဲ(V2) ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၈၀၀၀ ရှိနေပြီး ငွေကျပ် ၄၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

## နို့နှင့်နို့ထွက်ပစ္စည်းများ၊ အသားနှင့်အသားထွက်ပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် စနစ်တကျထုပ်ပိုးပြီး ပြည်ပသို့တင်ပို့မည်

မြန်မာနိုင်ငံမှထွက်ရှိသည့် နို့နှင့်နို့ထွက်ပစ္စည်းများ၊ အသားနှင့်အသားထွက်ပစ္စည်းများကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် စနစ်တကျထုပ်ပိုးပြီး ပြည်ပသို့တင်ပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်(ဗဟို)မှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာမြင့်လွင်ထံမှ သိရသည်။

### ၂၉.၇.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၆၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၈၈၆.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၄၀.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၄၇.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၉၂.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၄.၅၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၂၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၁.၉၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၅.၆၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၉၅၇ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

မြန်မာနိုင်ငံမှထွက်ရှိသည့် နို့နှင့်နို့ထွက်ပစ္စည်းများကို နယ်စပ်ဂိတ်များမှ အနည်းငယ်သာ တင်ပို့လျက်ရှိသော်လည်း ယခုအခါ နို့နှင့်နို့ထွက်ပစ္စည်းများ၊ အသားနှင့်အသားထွက်ပစ္စည်းများကို ပြည်ပမှဝယ်ယူရန် ကမ်းလှမ်းနေသည့်အတွက် တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် စနစ်တကျထုပ်ပိုးပြီးတင်ပို့ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"နို့နှင့်နို့ထွက်ပစ္စည်းက ပြည်ပကို နယ်စပ်ဒေသတချို့မှာရှိတဲ့သူတွေက တင်ပို့တာလောက်ပဲရှိသေးတယ်။ အများကြီး မရှိသေးပါဘူး။ နို့ထွက်ပစ္စည်းက ကျွန်တော်တို့နိုင်ငံမှာတောင် စားသုံးဖို့မလောက်သေးပါဘူး။ အသားနဲ့အသားထွက် ပစ္စည်းကလဲ အေးခဲအသားလောက်ပဲရှိပါသေးတယ်။ လိုအပ်တာကတော့ စနစ်တကျမွေးမြူဖို့ပါ။ ထုတ်လုပ်တဲ့နေရာမှာလဲ စနစ်တကျနဲ့ သန့်သန့်ရှင်းရှင်း ဘေးအန္တရာယ်ကင်းရမယ်။ အနည်းဆုံးတော့ International Certificate တွေရအောင် လုပ်ထားမှ တစ်ဖက်ကလဲ လက်ခံနိုင်မယ်။ အခုဆိုရင် မြန်မာ့နို့ထွက်ပစ္စည်းတွေအတွက် ပြည်ပကဝယ်ယူဖို့ ကမ်းလှမ်းမှုတွေရှိနေပါတယ်။ အထူးသဖြင့် ထောပတ်ဆီတို့၊ ထောပတ်တို့ကိုလိုချင်တယ်လို့ ကမ်းလှမ်းနေပါတယ်။ လက်ရှိ ကတော့ ထုတ်လုပ်တင်ပို့မဲ့လုပ်ငန်းတွေအတွက် International Certifi cate ရှိဖို့လိုအပ်တယ်လို့ ထည့်သွင်းကမ်းလှမ်းမှုတွေ ရှိတဲ့အတွက် ပြင်ဆင်မှုတွေလုပ်နေပါတယ်" ဟု ဒေါက်တာမြင့်လွင့်ကပြောပြသည်။

လက်ရှိတွင် ပြည်တွင်းစားသောက်ကုန်လုပ်ငန်း အများစုအတွက် နို့နှင့်နို့ထွက်ပစ္စည်းကို တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ သန်း ၅၀ ဖိုးခန့် ပြည်ပမှ တင်သွင်းနေရသည့်အတွက် ပြင်ဦးလွင်ဒေသကို နို့စားနွားမွေးမြူရေးနှင့်နို့ထွက်ပစ္စည်း ကုန်ချောထုတ်လုပ်သည့်ဒေသအဖြစ် စီစဉ်ဆောင်ရွက်နေကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

## ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် မျက်နှာပြင်လေးဖက်ပါသည့် ပုံတော်စုံ သစ်ထွင်းပန်းပုဘူးများ အရောင်းသွက်နေ



Source: ရတနာပုံသတင်းစာ

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် မျက်နှာပြင်လေးဖက်ပါရှိသည့် ပုံတော်စုံ သစ်ထွင်းပန်းပုဘူးများဝယ်ယူသူ များပြားသောကြောင့် အရောင်းသွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် တော်ဝင်မြန်မာ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာ မန်နေးဂျင်း ဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍သိရသည်။

အဆိုပါ ပုံတော်စုံသစ်ထွင်းပန်းပုဘူးများမှာ မန္တလေးတိုင်းဒေသကြီးမှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်း ဈေးကွက်အတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ မျက်နှာပြင်လေးဖက်တွင် သစ်ထွင်းလက်ရာ ရုပ်ပုံတော် ၁၂ ခု ပါရှိပြီး အပိတ်အဖွင့်ပြုလုပ်နိုင်ကာ ပိတ်ထားပါက ငါးကျည်တောက် ပုံစံပြုလုပ်ထားသည့် သစ်ထွင်း ပန်းပုဘူးများဖြစ်ပြီး လက်ဆောင်ပေးရန်အတွက် ဝယ်ယူသူများပြားကြောင်းသိရသည်။

"ဒီဇူလိုင် ၂၀ ရက် ကျော်လောက်ကမှ မန္တလေးကနေ ရန်ကုန်ဈေးကွက်ထဲကို ဝင်လာတာဖြစ်ပါတယ်။ မျက်နှာပြင် လေးဖက်မှာ ပုံတော်မတူတဲ့ သစ်ထွင်းပုံတော်ပေါင်း ၁၂ ခုပါရှိတဲ့အပြင် အပိတ်၊ အဖွင့်လုပ်နိုင်လို့ တစ်မျိုးလေး ဆန်းသစ်တဲ့အတွက် အဝယ်များပြီး အရောင်းသွက်နေပါတယ်" ဟု ဒေါ်ခင်မြင့်ခိုင်ကပြောပြသည်။

အဆိုပါ အမြင့် ၁၂ လက်မအရွယ်အစား မျက်နှာပြင်လေးဖက်ပါရှိသည့် ပုံတော်စုံသစ်ထွင်း ပန်းပုဘူးများမှာ တစ်ဘူး လျှင် ငွေကျပ်သုံးသောင်းခန့်ဖြစ်ပြီး ယခုရက်ပိုင်းအတွင်း ဘူး ၃၀ ခန့် ရောင်းချထားကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

## လယ်ယာသုံးစက်ကိရိယာများအား သွင်းကုန်လိုင်စင်လျှောက်ထားခြင်းမှ ကင်းလွတ်ခွင့်ပြုရန်ဆောင်ရွက်

လယ်ယာသုံးစက်ကိရိယာပစ္စည်းများ တင်သွင်းခြင်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့(ဇူလိုင်-၂၈) မွန်းလွဲ ၂ နာရီတွင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းက JICA, Two Step Loan စီမံကိန်း Steering Committee အစည်းအဝေးတွင် ကုမ္ပဏီလုပ်ငန်းရှင်များတင်ပြခဲ့သည့် လယ်ယာသုံးစက်ကိရိယာများ သွင်းကုန်လိုင်စင်ရရှိရန်နှင့် နိုင်ငံခြားငွေပေးချေရန်အတွက် အခက်အခဲများကို ကူညီဆောင်ရွက်ပေးရန်ကိစ္စနှင့်ပတ်သက်၍ လယ်ယာသုံးစက်ကိရိယာများ အတွက် လက်ရှိလျှောက်ထားသော သွင်းကုန်လိုင်စင်ကို စိစစ်ခွင့်ပြုမှု၊ လုပ်ငန်းရှင်များ အဆင်ပြေချောမွေ့စေရေးအတွက် လယ်ယာသုံးစက်ကိရိယာများအား သွင်းကုန်လိုင်စင်လျှောက်ထားခြင်းမှ ကင်းလွတ်ခွင့်ပြုရန်ဆောင်ရွက်မှု၊ လိုင်စင်သက်တမ်း ပြင်ဆင်သတ်မှတ်မှုနှင့် လယ်ယာလုပ်ငန်းသုံးအပြင် အခြားလုပ်ငန်းကဏ္ဍများတွင်ပါ အသုံးပြုနိုင်သည့် စက်ပစ္စည်းနှင့်အပို ပစ္စည်းများ တင်သွင်းမှုကိစ္စတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများမှ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာသုံးစက်ကိရိယာ တင်သွင်းမှုနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို တင်ပြမေးမြန်းခဲ့ကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများမှ ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

**Source:** မြန်မာ့အလင်း

## ပြည်တွင်းဈေးကွက်တွင် ရွှေဘိုပေါ်ဆန်း ဆန်တစ်အိတ်လျှင် ဇွန်လအတွင်း ကျပ် ၆၆၀၀၀ သာရှိသော်လည်း လက်ရှိအချိန်တွင် ကျပ် ၈၀၀၀၀ အထိ ဈေးတက်လာပြီး တစ်လအတွင်း ၂၆ ရာခိုင်နှုန်းမြင့်တက်

ပြည်တွင်းဈေးကွက်အတွင်း ဆန်ချော၊ ဆန်ကြမ်းများ အမျိုးအစားအလိုက်ဈေးတက်နေပြီး ရွှေဘိုပေါ်ဆန်းဆန် တစ်အိတ်လျှင် ဇွန်လအတွင်းက ကျပ် ၆၆၀၀၀ သာရှိသော်လည်း လက်ရှိအချိန်တွင် ကျပ် ၈၀၀၀၀ အထိ ဈေးတက်လာကာ တစ်လအတွင်း ၂၆ ရာခိုင်နှုန်းမြင့်တက်လာကြောင်း မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်းတွင် ထုတ်ပြန်ထားသည့် ဈေးနှုန်းများအရသိရသည်။ “ဈေးထဲမှာတော့ ဒီနေ့ဆိုရင် ရွှေဘိုပေါ်ဆန်းတစ်အိတ်ကို ၈၈၀၀၀ ပေးဝယ်ခဲ့ရတယ်။ ရှိသမျှ ဆန်အကုန်ဈေးတက်တာ၊ ဆန်ကြမ်းတွေလည်း ဈေးတက်ကုန်ပြီ” ဟု သဃ်န်းကျွန်းမြို့နယ်တွင် နေထိုင်သူတစ်ဦးက ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ဆန်အမျိုးအစားအလိုက် ဈေးနှုန်းများအနေဖြင့် ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၇၃၀၀၀ မှ ၈၀၀၀၀၊ မြောင်းမြပုသိမ်ပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၅၃၀၀၀မှ ၅၅၀၀၀၊ ဖျာပုံပေါ်ဆန်း တစ်အိတ်လျှင် ကျပ်၅၃၀၀၀မှ ၅၅၀၀၀၊ ငစိန်တစ်အိတ်လျှင် ကျပ်၃၃၀၀၀ မှ ၃၅၀၀၀၊ ရက်-၉၀ တစ်အိတ်လျှင် ကျပ် ၃၄၅၀၀မှ ၃၆၅၀၀၊ ဧည့်မထတစ်အိတ်လျှင် ကျပ် ၃၁၀၀၀မှ ၃၂၀၀၀၊ မြီးဒုံးတစ်အိတ်လျှင် ကျပ် ၄၀၀၀၀မှ ၄၃၀၀၀ဈေး ရှိနေကြောင်းသိရသည်။

“မနေ့ကမှ ကျွန်မဝယ်ခဲ့ရတာ ရွှေဘိုထိပ်စ တစ်အိတ်ကို ၇၆၀၀၀ပဲရှိတယ်။ တခြားဆန်ဈေးတွေကို ကျွန်မမှတ်ခဲ့တာက ဆင်းသုခဆိုရင် တစ်အိတ်ကို ၄၁၀၀၀၊ ရက် ၉၀ ဆိုရင် ၄၀၀၀၀၊ တောင်ပျံ(ရှယ်)ဆိုရင် တစ်အိတ်ကို ၅၁၀၀၀၊ တောင်ပျံထူးထူးရှယ်ဆိုရင် ၆၃၀၀၀ ကျပ်၊ ကြားပျံ(ရှယ်)က ၅၆၀၀၀ ဈေးရှိခဲ့တယ်” ဟု စံပြဈေးအနီးတွင် နေထိုင်သူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆန်စပါးအသင်းမှ ထုတ်ပြန်ထားချက်အရ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ၂၀၁၅ ခုနှစ်တွင် ကျပ်၄၇၀၀၀၊ ၂၀၁၆ ခုနှစ်တွင် ကျပ်၄၃၀၀၀၊ ၂၀၂၀ ပြည့်နှစ်တွင် ကျပ် ၅၄၀၀၀ ရှိခဲ့သည်။ ၂၀၂၂ ခုနှစ် ဇူလိုင်တွင် ကျပ် ၈၀၀၀၀ အထိ ဈေးတက်လာခဲ့သည်။

**Source:** https://news-eleven.com/article/234763

## အင်ဒိုနီးရှား အေးခဲကြက်သား ပထမအသုတ် စင်ကာပူရောက်ရှိ



https://www.foodindustrydirectory.com.mm

အင်ဒိုနီးရှားမှ ပထမဆုံးအသုတ်တင်ပို့သော ကြက်သားများ စင်ကာပူသို့ရောက်ရှိလာသည်ကို စင်ကာပူရှိ အင်ဒိုနီးရှားသံအမတ် Suryo Pratomo က သွားရောက်ကြည့်ရှုစဉ် ၎င်းကလာမယ့်နှစ်မှာ ဝယ်လိုအားကောင်းပါက စင်ကာပူအနီးရှိ အင်ဒိုနီးရှားပိုင် ဘာတန် Batam ကျွန်းတွင် ကြက်မွေးမြူပြီး စင်ကာပူသို့ အင်ဒိုနီးရှားမှ လတ်ဆတ် ကြက်သားများတင်သွင်းနိုင်ကြောင်း ပြောကြားသည်။

နှစ်ကုန်အထိ အင်ဒိုနီးရှား ကြက်သားတန်ချိန် စုစုပေါင်း ၁,၀၀၀ အထိ စင်ကာပူသို့ တင်ပို့နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း သံအမတ်ကပြောကြားသည်။ "ဟောဒီ ပထမအသုတ်က ဂျာကာတာကနေလာတာ၊ စင်ကာပူက ဝယ်လိုအားပမာဏကို ကြည့်ရဦးမယ်"ဟု ၎င်းကပြောကြားသည်။

ဘာတန်တွင် ကြက်မွေးမြူရေး ထူထောင်ရန်စိတ်ကူးရှိသည့် အင်ဒိုနီးရှားမှ ကြက်မွေးမြူရေးလုပ်ငန်းရှင်များနှင့် ဆွေးနွေးခဲ့ရာ လုပ်ငန်းရှင်များက လာမယ့်နှစ် ဝယ်လိုအားကိုသိမှထူထောင်မည့် ကြက်မွေးမြူရေးလုပ်ငန်း အရွယ်အစားကို ဆုံးဖြတ်နိုင်မည်ဟု ပြောကြသည်ဟု ၎င်းကပြောကြားသည်။

ဘာတန်နှင့် စင်ကာပူအကြား ဖယ်ရီပြေးဆွဲနေရာ၌ ဘာတန်-စင်ကာပူ ခရီးစဉ်သည် ပျမ်းမျှ ၅၆ မိနစ်သာ ကြာသည်။ "Batam မှာ မွေးမြူရေးခြံကို တည်ထောင်နိုင်ရင် စင်ကာပူကို ကြက်အရှင်တွေယူလာဖို့ အချိန်ကြာမှာ မဟုတ်ပါဘူး" ဟု သံအမတ်က ပြောကြားသည်။

ယခင်က စင်ကာပူသည် မလေးရှားမှ ကြက်သားတင်သွင်းခဲ့သည်။ စင်ကာပူတွင် စားသုံးသည့် ကြက်သား စုစုပေါင်း ပမာဏ၏ ၄၃% ဝန်းကျင်ကို မလေးရှားမှ နေ့စဉ်တင်သွင်းသည်။

ဇွန်လ ၁ ရက်တွင် မလေးရှားက ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပြည်တွင်းကြက်သားဈေးနှုန်း ထိန်းရန်အတွက် ကြက်သား ပြည်ပတင်ပို့မှုကို ပိတ်ပင်ခဲ့သည်။ သို့ဖြစ်ရာ စင်ကာပူက ကြက်သားကို အင်ဒိုနီးရှားမှ စတင် တင်သွင်းခဲ့ခြင်း ဖြစ်သည်။ မလေးရှား ကြက်သားအစား အင်ဒိုနီးရှားမှ အအေးပေးကြက်သားများ ၊ အေးခဲကြက်သားများ တင်သွင်းသွားတော့မည်ဖြစ်သည်။

ယခင်က အင်ဒိုနီးရှားသည် စင်ကာပူသို့ ကြက်ဥဆားစိမ်များကိုသာ တင်ပို့ခဲ့သည်။ လစဉ် ကြက်ဥဆားစိမ်လုံးရေ ၅၀,၀၀၀ ဝန်းကျင် တင်ပို့သည်။ အင်ဒိုနီးရှားမှ ပထမအသုတ်တင်သွင်းသော ကြက်သားများကို ကြက်ဆီထမင်းဆိုင်များက ကြက်သားများ စင်ကာပူသို့ မရောက်ခင်ကတည်းက ကြိုဝယ်ထားကြပြီးပြီဖြစ်သည်။ အင်ဒိုနီးရှားမှ အေးခဲကြက်သားသည် အမေရိကန်၊ ထိုင်း၊ ဘရာဇီးနှင့် အာဂျင်တီးနားတို့မှ တင်သွင်းသည့် အေးခဲကြက်သားနှင့် ကွာခြားသည်။

အင်ဒိုနီးရှားမှ အေးခဲကြက်သားသည် ကြက်တစ်ကောင် အလေးချိန် ၂ မှ ၂.၃ ကီလိုဂရမ်အထိရှိသည်။ အခြားနိုင်ငံများမှ အေးခဲကြက်သားများသည် ကြက်တစ်ကောင် အလေးချိန် ၁.၅ မှ ၁.၆ ကီလိုဂရမ်အထိရှိသည်။ ထို့ပြင် အမေရိကန်၊ ဘရာဇီးနှင့် အာဂျင်တီးနားတို့မှတင်ပို့သော အေးခဲကြက်သားများသည် လမ်းခရီး ရက်ပေါင်း ၃၀ မှ ၆၀ အထိ ကြာမြင့်သည်။ အင်ဒိုနီးရှား အေးခဲကြက်သားများသည် ၄ ရက်မျှသာ ကြာမြင့်သည်။

**Source CNA**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4742-frozen-chicken.html

## ယူရိုဇုန်ဒေသ အတိုးနှုန်းမြင့်တင်သတ်မှတ်

European Central Bank (ECB) သည် ယူရိုဇုန်ဒေသ ငွေကြေးဖောင်းပွမှုနှုန်းကို ပြန်လည်ထိန်းချုပ်နိုင်ရန် ဆယ်စုနှစ်အတွင်း ပထမဦးဆုံးအကြိမ် ၎င်း၏ဘဏ်တိုးနှုန်းများကို -၀.၅ ရာခိုင်နှုန်းမှ ၀.၅၀ ထပ်တိုး၍ ၀ ရာခိုင်နှုန်းသို့ ၂၁.၇.၂၀၂၂ ရက်နေ့က တိုးမြှင့်ပေးလိုက်ပါသည်။

အများစုက ၀.၂၅ ခန့်သာ ထပ်မံတိုးမြှင့်ပေးလိမ့်မည်ဟု ခန့်မှန်းထားရှိထားခြင်းကြောင့် အံ့သြမှုများလည်း ဖြစ်စေခဲ့ပါသည်။ ECB ၏ ယခင် Negative အတိုးနှုန်းများသည် ချေးယူမှုများကို အားပေးသော်လည်း ယူရိုဇုန်ဒေသ စီးပွားရေး

ကျဆင်း၍ ငွေကြေးဖောင်းပွမှုကို ဖြစ်လာချိန်တွင် အတိုးနှုန်းမြင့်တင်ပေးခြင်းဖြင့် ငွေကြေးဖောင်းပွမှုနှုန်း လျော့ကျစေရန် ဆောင်ရွက်လာခြင်းဖြစ်ပါသည်။ တစ်ဖက်တွင်လည်း ချေးငွေစရိတ်များကြီးမြင့်ခြင်းကြောင့် အီတလီ၊ စပိန်နိုင်ငံများတွင် လုပ်ငန်းများအကြပ်အတည်းနှင့် တွေ့ကြုံရခြင်းများရှိခြင်းကြောင့် ECB က Bond markets ကို တိုးတက်စေရန်လည်း ဆောင်ရွက်ရန်ရှိပါသည်။

ECB ဥက္ကဋ္ဌ Ms.Christine Lagarde က အတိုးနှုန်းအတွက် ထပ်မံ၍ အစည်းအဝေးများ ပြုလုပ်ဆုံးဖြတ်သွားရန်ရှိကြောင်း၊ ဂျာမန်ဖက်ဒရယ် ဘဏ္ဍာရေးဝန်ကြီး Mr.Christian Lindner က၊ မိမိတို့အနေဖြင့် စီးပွားရေးစနစ်သစ်ကို တွေကြုံနေရကြောင်း၊ ပြောကြားခဲ့ပါသည်။ အတိုးနှုန်းမြင့်တင်ပြီး နောက်ပိုင်း ယခုအခါ ယူရိုငွေကြေးတန်ဘိုး အနည်းငယ်ပြန်လည်မြင့်တက်လာပြီး ရုရှားနိုင်ငံရှိ Nord Stream 1 pipeline (၁၀) ရက်ကြာ ပြင်ဆင်မှုပြီးစီးပြီးနောက် ဓါတ်ငွေ့များပြန်လည်ဝင်ရောက်လာခြင်း သည်လည်း အကြောင်းတစ်ချက်ဖြစ်ပါသည်။

ယူရိုဇုန်ဒေသတွင် ဖွန်လအတွင်းက ငွေကြေးဖောင်းပွမှုနှုန်း ၈.၆ ရာခိုင်နှုန်းရှိခဲ့ပြီး ECB က အများဆုံး ၂ ရာခိုင်နှုန်းသို့ ရောက်ရှိလာစေရန် ရည်မှန်းထားပါသည်။ အမေရိကန်နိုင်ငံ Federal Reserve နှင့် Bank of England တို့က ECB ထက်စော၍ အတိုးနှုန်းများကို တိုးမြှင့်ထားရှိပြီးဖြစ်ပါသည်။ ဂျာမနီနိုင်ငံတွင် ဘတ်ဂျက်လိုငွေပြမှုကို ဂျီဒီပီ၏ ၃၅ ရာခိုင်နှုန်းထက် ကျော်လွန်မရောက်ရှိစေရေး ဆောင်ရွက်ရန်သတ်မှတ်ထားပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့)**

**Source: https://www.dw.com/en/european-central-bank-raises-interest-rates-amid-inflation/a-62546810**

https://myantrade.gov.mm/article/%E1%80%9A%E1%80%B0%E1%80%9B%E1%80%AD%E1%80%AF%E1

## ဂျာမနီနိုင်ငံရှိ Fruit Juice လုပ်ငန်းဈေးကွက်

ဂျာမနီနိုင်ငံရှိ သစ်သီးအချိုရည် (Fruit Juice) လုပ်ငန်းသည် စားသောက်ကုန်လုပ်ငန်းများအနက် အရေးပါသော လုပ်ငန်းတစ်ခုဖြစ်ပြီး နှစ်ပေါင်းတစ်ရာကျော်အတွင်း ဖွံ့ဖြိုးတိုးတက်မှုရရှိနေသော လုပ်ငန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ နှစ်စဉ် အရောင်းဝင်ငွေများသည် ၁၉၅၀ ခုနှစ်တွင် ယူရို (၀.၀၂၆) ဘီလီယံမှ ၂၀၂၁ ခုနှစ်တွင် ယူရို (၃.၀၉) ဘီလီယံသို့ ရောက်ရှိခဲ့ ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း ထုတ်လုပ်သည့်လုပ်ငန်းပေါင်း (၃၁၁) ခုရှိကာ လုပ်သားဦးရေ (၇၅၀၀) ခန့်က သစ်သီးဝလံ ဟင်းသီးဟင်းရွက်တန်ချိန်ပေါင်း (၈၀၀၀၀၀) မှ စုစုပေါင်းလီတာ ၃.၀၆ ဘီလီယံကို ထုတ်လုပ်နိုင်ခဲ့ပါသည်။ ဂျာမန် စားသုံးသူ များသည် သစ်သီးအချိုရည်နှင့်ဖျော်ရည်စုံ (Fruit Juice and nectar ) များစွာသောက်သုံးလေ့ရှိကြပြီး လူတစ်ဦးချင်း စားသုံးမှုအနေဖြင့် ၂၀၂၁ ခုနှစ်တွင် ၂၈.၅ လီတာရှိပါသည်။ အမေရိကန်နိုင်ငံတွင် လူတစ်ဦးချင်းစားသုံးမှု (၂၂.၈) လီတာနှင့် ပိုလန်နိုင်ငံတွင် (၂၁.၉) လီတာရှိပါသည်။

Fruit Juice များအနက် ဂျာမနီနိုင်ငံတွင် လိမ္မော်ရည်နှင့်ပန်းသီးဖျော်ရည်များမှာ လူကြိုက်အများဆုံးဖြစ်ပြီး တစ်ဦးချင်း သောက်သုံးမှု (၆.၉) လီတာ နှင့် (၅.၆) လီတာ အသီးသီးရှိကြပါသည်။ အခြားအမျိုးအစားများဖြစ်သည့် Multivitamin fruit juice၊ စပျစ်သီးနှင့် နာနတ်သစ်သီးအချိုရည်များကိုလည်း သောက်သုံးမှုရှိကြပါသည်။ ပြန်လည်အသုံးပြုနိုင်သော ပုလင်းခွံများ အသုံးပြုသည့်စနစ်ကို ကျင့်သုံးပါသည်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားသည့် ကာလအတွင်း Fruit Juice သောက်သုံး သူများ ယခင်ကထက် ပိုမိုများပြားလာခဲ့ပြီး သဘာဝအတိုင်းထုတ်လုပ်ထားသော အချိုရည်များကို ပိုမိုကြိုက်နှစ်သက်ကြ ပါသည်။

Association of the German Fruit Juice Industry (VdF) သည် Fruit and vegetable Juice/ nectar ထုတ်လုပ်သည့် လုပ်ငန်းများ အကျိုးစီးပွားအတွက် နိုင်ငံတွင်းနှင့် နိုင်ငံတကာအဆင့် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးနေပြီး လုပ်ငန်း ပေါင်း (၁၈၅) ခုကို တိုက်ရိုက် ဆက်သွယ်ဆောင်ရွက်ကာ (၁၄၁) ခုကို ဒေသအလိုက် အသင်းအဖွဲ့ (၄) ခုမှတဆင့် ဆောင်ရွက် လုပ်ကိုင်ပါသည်။ VdF ၏ Recipe session က အဖွဲ့ဝင်ကုမ္ပဏီများအတွက် အချိုရည်နှင့်ဖျော်ရည်အရသာပိုင်း၊ အချိုပွဲ၊ အသုပ်၊ ကော့တေးလ်စသည်တို့အတွက် တီထွင်ဆန်းသစ်မှုများပေါင်းစပ်ကာ ပြင်ဆင်သင့်သည့် recipe အသစ်များကို အကြံပြုပံ့ပိုး ပေးပါသည်။ VdF သည် European fruit juice association (AIJN) နှင့် International Federation of Fruit Juice

Producers (IFU) တို့နှင့် ပူးပေါင်းဆောင်ရွက်ကာ သစ်သီးအချိုရည်နှင့်ဖျော်ရည်များ အရည်အသွေးမြင့်မားရေးကိုလည်း ဆောင်ရွက်လျှက်ရှိပါသည်။ AIJN နှင့် အီးယူအဖွဲ့ဝင်များသည် ၁၉၉၄ ခုနှစ်တွင် သစ်သီးအချိုရည်၊ ဖျော်ရည်များအတွက် တစ်ပြေးညီ အရည်အသွေးထိန်းသိမ်းမှုစနစ်တစ်ခုအနေဖြင့် European Fruit Juice Control System (EQCS) ကို စတင် တည်ထောင်၍ တိုးတက်အောင်ဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ်တွင် European Fruit Juice Control System (EJCS) အမည်ဖြင့် ဆက်လက်ဆောင်ရွက်လျှက်ရှိပါသည်။ မြန်မာနိုင်ငံတွင် သစ်သီးဝလံဟင်းသီးဟင်းရွက်များ ပေါကြွယ်ဝခြင်း ကြောင့် အရည်အသွေးမီ အချိုရည်နှင့်ဖျော်ရည်များ ထုတ်လုပ်တင်ပို့ရန် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ပို့ကုန်ဝင်ငွေတိုးမြှင့် နိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

(မြန်မာစီးပွားရေးသံမှူးဘာလင်မြို့)

Source: https://www.fruchtsaft.de

https://myantrade.gov.mm/article/%E1%80%82%E1%80%BB%E1%80%AC%E1%80%99%E1%80%94%E1

## STOCK EXCHANGE (29.7.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 29th Jul. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,100 | -100 | -1.39% | 7,200 | 7,200 | 7,100 | 1,700 | 12,093,100 | 33,109,694 | 235,079 |
| MTSH | 00002 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,450 | 1,471 | 3,675,500 | 38,929,150 | 97,323 |
| MCB | 00003 | 6,900 | +0 | +0.00% | 6,900 | 6,900 | 6,900 | 20 | 138,000 | 10,400,986 | 71,767 |
| FPB | 00004 | 18,000 | +500 | +2.86% | 17,500 | 18,000 | 17,500 | 96 | 1,693,500 | 2,472,053 | 44,497 |
| TMH | 00005 | 2,450 | +50 | +2.08% | 2,400 | 2,450 | 2,400 | 281 | 676,350 | 12,823,224 | 31,417 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 19,977,223 | 48,944 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |


### Market summary

As of 29th Jul. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 334.28 | -0.82 | -0.24% | 335.10 | 336.18 | 333.20 | 3,568 | 18,276,450 | 7 | 581,515 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 29th Jul. 2022

| MYANPIX | 334.28 ▼ 0.82 |
|---|---|
| Total Volume (shares) | 3,568 |
| Total Value (MMK) | 18 mil |
| Listed Company | 7 |
| Market Cap. (MMK) | 581,515 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,100 | ▼ 100 |
| MTSH | 00002 | 2,500 | ▲ 0 |
| MCB | 00003 | 6,900 | ▲ 0 |
| FPB | 00004 | 18,000 | ▲ 500 |
| TMH | 00005 | 2,450 | ▲ 50 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |

TIR